# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

# (Thayninga Institute for Strategic Studies – TISS)

## ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နှုတ်ချက်

အမှတ် (၄)၊ ဧပြီ ၂၀၁၇

(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၁၇ ဧပြီလ အတွက် ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာသုတေသနပြုသွားရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ သေနင်္ဂအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတော်အစိုးရနှင့် တပ်မတော် အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက် သုတေသနအဖွဲ့အစည်းအဖြစ် တည်ထောင်သွားရန် ဖြစ်ပါသည်။ သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့၏ ရည်မှန်းချက်များမှာ -

(က) အမျိုးသားလုံခြုံရေး၊ ကာကွယ်ရေးကဏ္ဍနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီနိုင်ရန်၊

(ခ) နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော စစ်မဟာဗျူဟာဆိုင်ရာ အသိပညာများနှင့် ပြောင်းလဲတိုးတက်လာသော စစ်ဖက်နည်းပညာများအား ဖြန့်ဝေပေးသွားရန်၊

(ဂ) မျိုးဆက်သစ် လူငယ်များအကြား စစ်ပညာစာပေ လေ့လာမှု ပိုမိုထွန်းကားလာစေရန်၊

(ဃ) ဒေသတွင်းနှင့် နိုင်ငံတကာတပ်မတော်များ၏ ပြုပြင်ပြောင်းလဲမှုများအား သုတေသနပြု လေ့လာရန်၊

(င) ပိုမိုကောင်းမွန်သော စစ်ဖက် - အရပ်ဖက် ဆက်ဆံရေးတည်ဆောက်မှုကို သုတေသနပြုခြင်း အားဖြင့် မြန်မာ့တပ်မတော်နှင့် ပြည်သူများအကြား ပေါင်းကူးသဖွယ် ဖြစ်စေရန်၊

(စ) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ရည်ညွှန်းစာကြည့်တိုက်တစ်ခုနှင့် သတင်း အချက်အလက် ဗဟိုဌာနတစ်ခု တည်ထောင်သွားရန်၊

(ဆ) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနပညာရှင်များ မွေးထုတ်ရန်၊

သေနင်္ဂအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီး ပြည်ထောင်စုပြီး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

## ၂၀၁၇ ခုနှစ် ဧပြီလအတွင်း သတင်းကောက်နှုတ်ချက် ရက်စွဲမှတ်တမ်းများ

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၁၇ ခုနှစ် ဧပြီလ အတွင်း ဖြစ်ပေါ်ခဲ့သည့် ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်း အချက်အလက် ကောက်နှုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပေးလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | ၁. ၄. ၂၀၁၇ | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ အဆင်ပြေမှ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်နိုင်မည်ဖြစ်ပြီး အနာဂတ်အတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်မည်ဟု အာဏာရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က သုံးသပ်ပြောကြားသည်။ အစိုးရ၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များအပေါ် ဦးဝင်းထိန်က သုံးသပ်ပြောကြားရာတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ |
| ၂။ | ၂. ၄. ၂၀၁၇ | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး KNU ၏ ၁၆ ကြိမ်မြောက် ညီလာခံတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ မတ်လ ၃၁ ရက်နေ့တွင် ညီလာခံတွင် နိုင်ငံရေးအစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးမှုတွင် တပ်ပေါင်းစုနှင့် မဟာမိတ်များ ပေါင်းစပ်နိုင်ရေး ဆွေးနွေးနေကြခြင်း ဖြစ်သည်ဟု KNU ၏ အထွေထွေအတွင်းရေးမှူး (၁)၊ ညီလာခံ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပဒိုစောသောသီဘွဲ့က ပြောသည်။ KNU ညီလာခံတွင် ၄ နှစ်တာကာလအတွင်း ဌာနတိုင်းမှ လုပ်ငန်းအစီရင်ခံစာများ တင်ပြဆွေးနွေးသုံးသပ်ခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ |
| | | UNFC ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ် အဖွဲ့ DPN နှင့် အစိုးရ ငြိမ်းချမ်းရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပြုချက် ၉ ချက်ကို မူအရ သဘောတူထားသော်လည်း UNFC အဖွဲ့ဝင် ထိပ်သီးခေါင်းဆောင်အားလုံး ညှိနှိုင်းတိုင်ပင်ပြီးမှသာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA စာချုပ် လက်မှတ်ရေးထိုးရေး ဆုံးဖြတ်မည်ဟု သိရသည်။ |
| | | ယခင်နှစ် မိုင်ဂျာယန် အစည်းအဝေးတွင် တာဝန်ပေးခဲ့သော ကဏ္ဍကြီးသုံးရပ်ဖြစ်သည့် ပင်လုံလက်စွဲစာအုပ်၊ ဖက်ဒရယ်အခြေခံမူများနှင့် လုံခြုံရေးဆိုင်ရာစာတမ်းကိစ္စရပ်များအပေါ် နောက်ဆုံးပြင်ဆင်ထားချက်များကို မကြာခင်တွင် လက်နက်ကိုင်အဖွဲ့အစည်း ၁၅ ဖွဲ့ကို တင်ပြအတည်ပြုချက် ရယူနိုင်ရန် နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ DPN က လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့သည်ဟု အဖွဲ့ခေါင်းဆောင် ခူးဦးရယ်မှ ပြောသည်။ |
| ၃။ | ၃. ၄. ၂၀၁၇ | တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ၇ ဖွဲ့ ပါဝင်ဖွဲ့စည်းထားသည့် UNFC အဖွဲ့၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ်အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။ ယခုအစည်းအဝေးတွင် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး |

| | | |
|---|---|---|
| | | ဆွေးနွေးပွဲများ ပေါ်ပေါက်လာရန် UNFC မှ ဖွဲ့စည်းထားသည့် နိုင်ငံရေး ဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ DPN မှ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နောက်ဆုံးအခြေအနေများကို တင်ပြပြီး ရှေ့လုပ်ငန်းစဉ်အတွက် အဓိကဆွေးနွေး သွားရန်ရှိသည်ဟု သိရသည်။ |
| | | ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပနိုင်ဘူးဆိုရင် လာမည့် ဒုတိယ အကြိမ် ၂၁ ရာစုပင်လုံညီလာခံမှာ ရှမ်းလူမျိုးတို့ရဲ့ ဆန္ဒသဘောထားတွေ တင်ပြနိုင်မှာ မဟုတ်ဘူးဟု RCSS/SSA ပြောခွင့်ရ ဒုဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားခဲ့သည်။ "ကျွန်တော်တို့ကလည်း တောင်ကြီးနဲ့ပင်လုံမှာမှ မလုပ်ရရင်မလုပ်ဘူး။ အဲဒီတော့ ရှမ်းလူမျိုးဆိုင်ရာ အဖွဲ့အားလုံး တွေ့ဆုံနိုင်မှာမဟုတ်သလို ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံမှာလည်း ရှမ်းလူမျိုးတွေရဲ့ ဆန္ဒသဘောထားတွေ တင်ပြနိုင်မှာ မဟုတ်ဘူး" ဟု ထည့်သွင်းပြောကြားခဲ့သည်။ |
| | | အိန္ဒိယ - မြန်မာ နယ်စပ်ဒေသတလျှောက်မှာ နယ်ခြားမှတ်တိုင် စိုက်ထူနိုင်ရေးအ တွက် တိုင်းတာမှုတွေ ပြုလုပ်နေသော ကိစ္စနှင့် ပတ်သက်ပြီး နာဂလန်းပြည်နယ်၊ Tuensang ခရိုင် အတွင်းတွင်ရှိသော Pangsha ကျေးရွာကောင်စီက ပြည်နယ် ဝန်ကြီးချုပ်ထံ ကန့်ကွက်စာ ရေးသားပေးပို့လိုက်သည်။ အိန္ဒိယနှင့် မြန်မာ ပူးတွဲ တိုင်းတာရေးအဖွဲ့သည် နယ်ခြားမှတ်တိုင် BP145 နဲ့ BP146 ဒေသများတွင် စစ်တမ်း ကောက်ယူခဲ့ကြစဉ် အဆိုပါဒေသမှာ အခြေစိုက်နေထိုင်တဲ့ Khiamniungan မျိုးနွယ်စု များ၏ သဘောဆန္ဒမပါဘဲ ကောက်ယူခဲ့ခြင်းကြောင့် ဌာနေမျိုးနွယ်စုများ နေထိုင်သော ဒေသ နစ်ခြမ်းကွဲသွားစေသည်ဟု ဆိုသည်။ |
| | | NCA အရ အစိုးရနှင့် နိုင်ငံရေး ဆက်လက်ဆွေးနွေးသွားရန် UNFC ၏ ဗဟိုအလုပ် အမှုဆောင်ကော်မတီ အရေးပေါ်အစည်းအဝေးတွင် သဘောတူခဲ့ကြသည်။ ပန်ဆန်း အစည်းအဝေးတွင် သဘောတူ ချမှတ်ခဲ့သော မြောက်ပိုင်းမဟာမိတ် အဖွဲ့များနှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSA တို့က NCA အတိုင်းဆက်လက်မသွားဘဲ နိုင်ငံရေး လမ်းကြောင်းအတိုင်းသွားရန် ပြောဆိုမှု၊ မကြာမီ အစိုးရဘက်မှ ၂၁ ရာစု ပင်လုံညီလာခံ ဆက်လက်လုပ်ဆောင်ရန် ပြောဆိုလာမှုများနှင့် DPN နှင့် ငြိမ်းချမ်းရေး ကော်မရှင်တို့အကြား ဆွေးနွေးမှုများအခြေအနေများကို ပြန်လည်သုံးသပ်ရန် ယခုကဲ့ သို့ အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပခြင်း ဖြစ်သည်ဟုသိရသည်။ |
| ၄။ | ၄. ၄. ၂၀၁၇ | UNFC အနေနှင့် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးတွင် တက်နိုင်မတက်နိုင်ကို စောင့်ကြည့်ရမည့် အခြေ အနေဖြစ်သည်ဟု UNFC အထွေထွေအတွင်းရေးမှူး ခူးဦးရယ်က ပြောသည်။ NCA တွင် လက်မှတ်မရေးထိုးရသေးပါက အထူးဖိတ်ကြားသူအနေနှင့်လည်း တက်ရောက် မည် မဟုတ်ကြောင်းနှင့် တစ်ခြားနည်းလမ်းဖြင့်လည်း စာတမ်းတင်မည် မဟုတ် ကြောင်း ပြောသည်။ "ကျွန်တော်တို့မှာက အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေ လုပ်ခွင့်မရှိဘူး၊ လုပ်လည်းမလုပ်ဘူးပေါ့။ လုပ်ခွင့်ရလို့လုပ်ရင်တောင်မှ ရလာတဲ့ ရလဒ်ကို သူတို့က မယူဘူးလို့ ပြောထားတယ်လေ။ မလုပ်နဲ့လို့တော့ မတားထားဘူး။ ကျွန်တော်တို့ဘက်ကလည်း လေ့လာသူအနေနဲ့တောင် မတက်ဘူး ဆိုရင်တော့ စာတမ်းတင်ဖို့ အစီအစဉ်လည်း မရှိပါဘူး " ဟု ပြောကြားခဲ့သည်။ |

| | | |
|---|---|---|
| | | ကချင်လွတ်လပ်ရေးအဖွဲ့ KIO နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP တို့သည် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ဦးဆောင်သော "နိုင်ငံရေးဆွေးနွေးမှု ကော်မတီ" တွင် ပါဝင်နေသော်လည်း UNFC အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ UNFC ဒုဥက္ကဋ္ဌ နိုင်ဟံသာက "စစ်ရေးလိုအပ်ချက်အရ မြောက်ပိုင်း မဟာမိတ်တွေမှာ သူတို့ပေါင်းလိုက်ရပေမယ့် နိုင်ငံရေးအရ UNFC မှာဆက်လက် ပါဝင်နေပါတယ်။ NCA ဆွေးနွေးတဲ့လမ်းကြောင်းကို သူတို့လက်ခံပါတယ်။ သူတို့ UNFC ကနေ နုတ်ထွက်တာ မဟုတ်ပါဘူး" ဟု ပြောသည်။ |
| | | မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းစစ်များ ဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့တွင် မိုင်းများနှင့် ပေါက်ကွဲစေနိုင်သည့် စစ်ကျန်လက်နက်ပစ္စည်းများ ရှင်းလင်းရေးကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောကြားခဲ့သည်။ "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဟာ ဆက်စပ်ဝန်ကြီးဌာနများ၊ UNICEF, INGOs, NGOs တို့နဲ့ ပူးပေါင်းပြီး မိုင်းအန္တရာယ် အသိပညာပေးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၂၀၁၂ ဧပြီ ၂၇ ရက်မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်၊ ဖွဲ့စည်းခဲ့တုန်းက မိုင်းအန္တရာယ် အသိပညာပေးခြင်းဖြစ်တဲ့ မိုင်းများနဲ့ ပေါက်ကွဲနိုင်တဲ့ စစ်ကျန်လက်နက် ပစ္စည်းများကြောင့် ရရှိနိုင်တဲ့ အန္တရာယ်တွေလျှော့ချဖို့ သတင်းအချက်အလက်တွေ ဖြန့်ဝေတာ၊ သင်တန်းတွေပို့ချတာ၊ အသိပညာပေးတာတွေကိုပဲ ဆောင်ရွက်ဖို့ရည်ရွယ်ခဲ့တာပါ၊ အခုတော့ မိုင်းကြောင့် ထိခိုက်သူတွေကို ကူညီထောက်ပံ့ပေးတဲ့ အဖွဲ့တွေနဲ့ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် မိုင်းရှင်းလင်းရေး လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားခဲ့သည်။ |
| | | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပင်လုံစာချုပ်အားပစ်ပယ်မည်ဆိုပါက မြန်မာနိုင်ငံအား ပင်လုံစာချုပ် မချုပ်ဆိုမီအနေအထားသို့ တွန်းပို့စေမည်ဟု ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့မှ ပြောဆိုလိုက်သည်။ "၁၉၄၇ ပင်လုံစာချုပ်က အဓိကက ကျနော်တို့ မြန်မာနိုင်ငံ ပြည်ထောင်စုဖြစ်လာတာက အဲဒါကြောင့် ဖြစ်လာတာ။ ကျွန်တော်တို့ သမိုင်းကိုမေ့ပျောက်မယ် မျက်ကွယ်ပြုမယ်ဆိုရင်တော့ ဒါက ပင်လုံစာချုပ် မချုပ်မီအခြေအနေကို ကျွန်တော်တို့ကို တွန်းပို့စေတယ်လို့ အဲလိုခံယူတယ်လေ။ အဲသည်ဖက်ကို ဦးတည်စေတယ်လို့ ကျွန်တော်တို့ခံယူတယ်။" ဟု ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့၏ အတွင်းရေးမှူး ဦးလဘန်ဂမ်အောင်မှ ပြောသည်။ |
| | | လွန်ခဲ့သည့် နှစ်နှစ်အတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာသူဦးရေ ၂၉၈ ဦး ရှိခဲ့သည်ဟု ကုလသမဂ္ဂ ကလေးသူငယ်ရံပုံငွေအဖွဲ့ UNICEF က သတင်းထုတ်ပြန်သည်။ "မြေမြှုပ်မိုင်းအန္တရာယ်သင့်သူများမှာ အလွန်ပင်များပြားလျက် ရှိနေပါတယ်။ ဒီလိုအန္တရာယ်ကတစ်ဆင့် ဘဝတစ်သက်တာ မသန်စွမ်းဖြစ်သွားရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ဖြစ်ရုံသာမကဘဲ နေ့စဉ်ကြုံတွေ့ရတဲ့ အခက်အခဲတွေနဲ့အတူ ခံစားတွေ့ကြုံရမှုတွေက တကယ့်ကို ကြီးမားလှပါတယ်" ဟု UNICEF မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဘတ်ထရန်ဘိန်းဖဲလ်က ပြောသည်။ မြေမြှုပ်မိုင်းကြောင့် နှစ်နှစ်အတွင်း ထိခိုက်နစ်နာသူ ၂၉၈ ဦး ရှိခဲ့သည့်အတွက် သုံးရက်လျှင် တစ်ဦးနှုန်း |

| | | |
|---|---|---|
| | | ထိခိုက်လျက်ရှိသည်ဟု ပျမ်းမျှတွက်ဆနိုင်ပြီး ထိခိုက်သူ ၃ ဦးအနက် တစ်ဦးမှာ ကလေးသူငယ် ဖြစ်သည်ဟုလည်း ယူနီဆက်က ထုတ်ပြန်ထားသည်။ |
| ၅။ | ၅. ၄. ၂၀၁၇ | ကရင်အမျိုးသားအစည်းအရုံး KNU ၏ ၁၆ ကြိမ်မြောက်ကွန်ဂရက်ကို KNU ဌာနချုပ် ဖြစ်သည့် လောခီးလာတွင် မတ်လ ၁၄ ရက်နေ့က စတင်ကျင်းပခဲ့ပြီး ၃ ပတ်တာ အတွင်း၊ ပြီးခဲ့သော ၄ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် KNU အဖွဲ့အစည်း အတွင်းက အားနည်းချက်၊အားသာချက်များကို ဆွေးနွေးခဲ့ကြသည်။ ရက်ပိုင်းအတွင်း ခေါင်းဆောင်သစ်များကိုရွေးချယ်မည့် ရွေးကောက်ပွဲများ ကျင်းပမှာဖြစ်ပြီး မနက်ဖြန် မှာ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းနိုင်မယ်လို့ ယူဆကြောင်း ၁၅ ကြိမ်မြောက် ကွန်ဂရက်တွင် ရွေးချယ်ခံခဲ့ရသော တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ပဒို သောသီက ပြောသည်။ "ခေါင်းဆောင်သစ် ရွေးချယ်မှု ကော်မရှင်ကိုဖွဲ့မယ်၊ ဖွဲ့ပြီးရင် ရွေးချယ်မယ့်ကော်မရှင်က စည်းကမ်းချက်တွေ သတ်မှတ်မယ်၊ စည်းကမ်းချက်ကို ဖတ်ကြားမယ်။ သူတို့ဆောင်ရွက်ရမယ့် ကိစ္စတွေကတော့ တစ်ညနေလုံးလုံး ကုန် သွားနိုင်ပါတယ်။ သန်ဘက်ခါလောက်မှ ကျွန်တော်တို့က ရွေးကောက်ပွဲ စတင်နိုင် လိမ့်မယ်လို့ ယုံကြည်တယ်" ဟုလည်း ပြောသည်။ |
| | | ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လောက်ကိုင်မြို့ကို တပ်မတော်မှ နယ်မြေ လုံခြုံရေး အပြည့်အဝထိန်းချုပ်နိုင်သောကြောင့် အစိုးရရုံးများကို ပြန်လည် ဖွင့်လှစ် ထားပြီဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ မျိုးထွန်းက ပြောကြားသည်။ ယင်းဒေသရှိ ပြည်သူများနှင့် အစိုးရဝန်ထမ်းများ၏ ဘဝလုံခြုံမှုရရှိစေရန် တပ်မတော်မှ ဗျူဟာကုန်းများကို အခိုင်အမာ တပ်စွဲထားလျက် ရှိပြီး နယ်မြေလုံခြုံရေးကို အပြည့်အဝထိန်းချုပ်ထားနိုင်သော အခြေအနေကြောင့် လောက်ကိုင်မြို့ရှိ အစိုးရရုံးအသီးသီးကို ဧပြီလ ၁ ရက်၌ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ |
| ၆။ | ၆. ၄. ၂၀၁၇ | ကရင်အမျိုးသားအစည်းအရုံး KNU ၏ ခေါင်းဆောင်သစ်များ ရွေးချယ်ရန်အတွက် ကိုယ်စားလှယ်လောင်း ၆၀ ဦးကို ပထမဆုံးရွေးချယ်မှုအား လျို့ဝှက်မဲများဖြင့် ရွေး ချယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ညီလာခံသို့ တက်ရောက်နေသော KNU ကိုယ်စား လှယ် ၂၁၇ ဦးထဲမှ ကိုယ်စားလှယ်လောင်း ၆၀ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဧပြီလ ၇ ရက် နေ့တွင် KNU ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်းရေးမှူး (၁) နှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) တို့ ၅ ဦး အပါအဝင် ဗဟိုကော်မတီဝင် ၅၅ ဦးကို လျို့ဝှက်မဲများဖြင့် ရွေးချယ်သွားမည်ဟု သိရသည်။ |
| | | မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံမှုသည် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး တိုင်းတာရန် ၈၀ ရာခိုင်နှုန်းကျော် ကျန်ရှိနေသည့် ထိုင်း-မြန်မာ နယ်နိမိတ်ကိုလည်း စတင်တိုင်းတာနေပြီ ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျာက ပြောကြားသည်။ "မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံမှု သည် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပါပြီ ဒီတစ်နှစ်တာရဲ့ ထူးခြားချက်တွေထဲမှာ အရင် အစိုးရအဆက်ဆက်က အမြဲတမ်းရွှေ့ဆိုင်းခဲ့တဲ့ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်နိမိတ် တိုင်းတာရေးကိစ္စတွေကို ဒီအစိုးရလက်ထက်မှာ စတင်ဆောင်ရွက်ဖို့ သဘောတူညီ ချက် ရရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်" ဟု နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် |

| | | |
|---|---|---|
| | | ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ |
| | | ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ခဲ့သည်။ ယခုအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အစိုးရဘက်မှ အမြန်ဆုံးထိထိရောက်ရောက် အကောင်အထည် ဖော်သွားရန်ကိစ္စများကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ |
| ၇။ | ၇. ၄. ၂၀၁၇ | UNFC ကိုယ်စားလှယ်များ မကြာမီ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ဌာနချုပ်သို့ သွားရောက်၍ နှစ်ဘက်နားလည်မှုရရှိရေးအတွက် တွေ့ဆုံမည်ဖြစ်ကြောင်း UNFC ဒုဥက္ကဋ္ဌ နိုင်ဟံသာက ပြောသည်။ ဧပြီလ ၃ ရက်မှ ၅ ရက်နေ့ထိ သုံးရက်ကြာကျင်းပသော အစည်းအဝေးတွင် ဝ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များ ချမှတ်ထားခြင်းဖြစ်သည်။ |
| | | ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသက မပေါက်ကွဲသေးတဲ့ မြေမြှုပ်မိုင်းတွေနဲ့ လက်လုပ်ဖေါက်ခွဲရေးပစ္စည်း IED တွေ ဖယ်ရှားရေးကို အတူတကွ လက်တွဲလုပ်ဆောင်သွားမှာဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် BGB က အကြီးအကဲတစ်ဦးဖြစ်တဲ့ ဗိုလ်မှူးချုပ် Md Anisur Rahman က နှစ်နိုင်ငံဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကို ၅ ရက်ကြာ ပြုလုပ်ခဲ့တာဖြစ်ပြီး နယ်စပ်ဒေသမှာ ရှိနေတဲ့ မြေမြှုပ်မိုင်းတွေနဲ့ မပေါက်ကွဲသေးတဲ့ IED ဖေါက်ခွဲရေးပစ္စည်းတွေ ဖယ်ရှားရေးအပြင် ပုံမှန်ကင်းလှည့်ဖို့ ကိစ္စရပ်တွေကိုပါ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ |
| ၈။ | ၈. ၄. ၂၀၁၇ | ကရင်အမျိုးသား အစည်းအရုံး KNU ၏ ထိပ်ပိုင်းခေါင်းဆောင် ငါးဦးကို ယနေ့နံနက်ပိုင်းက ထပ်မံရွေးချယ်နေပြီး ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး ပြန်လည်ရွေးချယ်ခံခဲ့ရသည်ဟု ကရင်အမျိုးသားအစည်းအရုံး KNU က သတင်းထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်တွင် KNU ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ အထွေထွေ အတွင်းရေးမှူးအဖြစ် ပဒိုစောတာဒိုမှူးတို့ ရွေးချယ်ခံထားရကြောင်း သိရပြီး တွဲဘက်အတွင်းရေးမှူး(၁)၊ တွဲဘက်အတွင်းရေးမှူး (၂) တို့ကို ဆက်လက် ရွေးချယ်သွားမည်ဖြစ်သည်။ |
| ၉။ | ၁၀. ၄. ၂၀၁၇ | UWSA ဝပြည် သွေးစည်းညီညွတ်ရေးတပ်၏ လားရှိုးဆက်ဆံရေးရုံးကို ဧပြီလ ၈ ရက်နေ့တွင် ဒေသခံရဲတပ်ဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ ထောင်ချီသော စနက်တန်များအပါဝင် ကျည်ခဲယမ်းအချို့ကို သိမ်းဆည်းရမိကြောင်း မြန်မာသမ္မတရုံးမှ ထုတ်ပြန်သည်။ UWSA တပ်ဖွဲ့ဝင်တဦး ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် သေနတ်ပစ်ဖေါက်မှု၏ နောက်ဆက်တွဲအဖြစ် လားရှိုးမြို့မှ UWSA ဆက်ဆံရေးရုံးကို ဝင်ရောက်ရှာဖွေခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်တွင် UWSA ဝတပ်ဖွဲ့၏ ဆက်ဆံရေးရုံးများကို တန့်ယန်းမြို့နှင့် လားရှိုးမြို့ နှစ်မြို့တွင်သာ ဖွင့်လှစ်ခွင့်ပေးထားသည်ဟု သိရသည်။ |
| | | မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် အစိုးရမှာ နှစ်ခုဖြစ်နေသည့်အတွက် NCA ကို |

| | | |
|---|---|---|
| | | လက်မှတ်ရေးထိုးရန် အခက်အခဲဖြစ်နေရခြင်းဖြစ်သည်ဟု UNFC ဥက္ကဌက ပြောကြားလိုက်သည်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပနေသည့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်မထိုးထားသည့် အဖွဲ့များမှ ထိပ်သီးခေါင်းဆောင်များပါဝင်သည့် လက်နက်ကိုင်အဖွဲ့များ၏ ထိပ်သီးအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် UNFC ဥက္ကဌ ဗိုလ်ချုပ်ကြီး အင်ဘန်လက ပြောကြားခဲ့ခြင်းဖြစ်သည်။ |
| ၁၀။ | ၁၁. ၄. ၂၀၁၇ | အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိုင်တွယ်ရာတွင် အကန့်အသတ်များရှိနေပြီး လုပ်ဆောင်နိုင်သည့်အရာ အနည်းငယ်သာရှိကြောင်း အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်က NRPC ၌ ပြောကြားခဲ့သည်။ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရခိုင်ပြည်နယ်ရှိ လတ်တလောဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား နိုင်ငံတကာသံတမန်များကို ရှင်းလင်းပြောကြားသည့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ "ကျွန်တော်တို့ ပြည်သူတွေကို စောင့်ရှောက်ဖို့ ကြိုးပမ်းအားထုတ်မှုကို နစ်ဆတိုးလုပ်ဆောင်ပါမယ်။ ဒါပေမယ့်လည်း ရခိုင်မှာတော့ ကျွန်တော်တို့ လုပ်နိုင်တာ နည်းနည်းလေးပဲရှိပါတယ်။ ရခိုင်ပြည်နယ်အရေးအတွက် ကျွန်တော် လုပ်နိုင်တာကို လုပ်နေမယ့်လည်း အကန့်အသတ်တွေရှိတယ်။" ဟု ဆိုသည်။ |
| ၁၁။ | ၁၈. ၄. ၂၀၁၇ | ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအား နေရာပြောင်းရွှေ့ကျင်းပရန် တောင်းဆိုထားမှု အဖြေရရှိခြင်းမရှိသေးဘဲ ဆွေးနွေးပွဲလုပ်ခွင့်မရပါက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ရန် အခက်အခဲရှိနိုင်ကြောင်း RCSS/SSA ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားသည်။ RCSS ဗဟိုအလုပ်အမှုဆောင် ကော်မတီက ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအား တောင်ကြီးမြို့ သို့မဟုတ် ပင်လုံမြို့သို့ ပြောင်းရွှေ့ကျင်းပခွင့်ပေးရန် ဖေဖော်ဝါရီ ၂၃ ရက်ရက်စွဲဖြင့် စာပေးပို့ တောင်းဆိုထားခြင်းဖြစ်သည်။ |
| ၁၂။ | ၁၉. ၄. ၂၀၁၇ | မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ၊ အထူးသဖြင့် ရခိုင်ပြည်နယ်ဘက်က အခြေအနေနှင့် ပတ်သက်ပြီး ဆက်လက်စောင့်ကြည့်သွားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောကြားခဲ့သည့်အပေါ် မြန်မာအစိုးရအနေနှင့် လူ့အခွင့်အရေးကောင်စီမှာ ပြောထားသည့် သဘောထားအတိုင်း ရပ်တည်သွားမည်ဟု တုံ့ပြန်လိုက်သည်။ ရခိုင်ပြည်နယ်မှ လူ့အဖွဲ့အစည်းနှစ်ခုအကြား သဟဇာတဖြစ်စေဖို့ အခြေအနေဟာ အရပ်သားအစိုးရသစ် ရင်ဆိုင်နေရတဲ့ ကြီးမားတဲ့ စိန်ခေါ်ချက်တစ်ရပ်ဖြစ်ကြောင်းနဲ့ နိုင်ငံတကာအနေနဲ့ ရခိုင်အရေးကိစ္စမှာ ပြစ်တင်ရှုတ်ချတာမျိုးထက် အပြုသဘောဆောင် ချဉ်းကပ်တာဟာ မြန်မာအစိုးရကို အမှန်တကယ်ကူညီရာ ရောက်မှာဖြစ်ကြောင်း ဒုနိုင်ငံခြားရေးဝန်ကြီး ဦးကျော်တင်က လူ့အခွင့်အရေးကောင်စီတွင် ပြောကြားခဲ့သည်။ |
| ၁၃။ | ၂၀. ၄. ၂၀၁၇ | ရှမ်းပြည်မြောက်ပိုင်း သံလွင်အရှေ့ခြမ်း ပန်ဆန်းမြို့တွင်ကျင်းပသည့် ဝ တပ်ဖွဲ့ UWSA ငြိမ်းချမ်းရေးရယူခြင်း ၂၈ နှစ်ပြည့် အခမ်းအနားနှင့် အပတ်စဉ် ၃ လက်နက်ကြီးပစ်သင်တန်းဆင်းအခမ်းအနား ပူးတွဲကျင်းပရာသို့ NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ် ၇ တပ်မှ |

| | | |
|---|---|---|
| | | ထိပ်သီးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ၇ ဖွဲ့မှာ KIO/KIA ၊ SSPP/SSA ၊ NDAA-ESS ၊ PSLF/TNLA ၊ MNDAA ၊ AA နှင့် UWSA တို့ဖြစ်သည်။ |
| | | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့ရဲ့ ပန်ခမ်း မျက်နှာစုံညီအစည်းအဝေး အပြီးမှာ ဖွဲ့စည်းလိုက်တဲ့ ကော်မတီဟာ လက်နက်ကိုင်တပ်ပေါင်းစုအသစ်တစ်ခု မဟုတ်သလို စစ်ရေးရည်ရွယ်ချက်အရ ဖွဲ့စည်းတာမဟုတ်ကြောင်း ပလောင်တပ်ဖွဲ့ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ပြောဆိုလိုက်သည်။ ဒီကော်မတီဖွဲ့စည်းရတာဟာ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စာချုပ် NCA အရ အပစ်အခတ်ရပ်စဲရေးကို မဖော်ဆောင်နိုင်တာကြောင့် လမ်းကြောင်းသစ်ဖော်ဆောင်ဖို့ ဖွဲ့စည်းလိုက်တာဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ |
| | | မြန်မာနိုင်ငံမြောက်ပိုင်းမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့ တက်ရောက်နေသည့် ပန်ခမ်းထိပ်သီးအစည်းအဝေးမှာ ဧပြီလ ၁၉ ရက်နေ့က ပြီးဆုံးသွားပြီဖြစ်ပြီး အစည်းအဝေးတက်ရောက်သူများ အနေဖြင့် အစိုးရနှင့် တစ်ဖွဲ့ချင်းစီ ဆွေးနွေးမှုများ ပြုလုပ်တော့မည်မဟုတ်ပဲ ပန်ဆန်းအစည်းအဝေးမှ ဖွဲ့စည်းလိုက်သည့် ကော်မတီဖြင့်သာ ဆွေးနွေးတော့မည်ဟု ကြေငြာချက်ထုတ်ပြန်လိုက်သည်။ |
| ၁၄။ | ၂၁. ၄. ၂၀၁၇ | နယ်ခြားစောင့်ရဲစခန်းများကို တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားအုပ်စုက ရခိုင်ပြည်နယ်၊ မောင်တောမြို့ကို ဦးတည်၍ လာမည့်ဖွန်လတွင် ထပ်မံတိုက်ခိုက်နိုင်ခြေရှိသည်ဟု Frontier ၏ သတင်းရင်းမြစ်များက အတည်ပြု ပြောကြားသည်။ အဆိုပါ အကြမ်းဖက်အဖွဲ့က ၎င်းတို့အမည်ကို Harakah al-Yaqin (Faith Movement) ဟု မှည့်ခေါ်ထားသည်။ ပြီးခဲ့သည့်နှစ် နိဝင်ဘာလက ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အလစ်ဝင်ရောက်တိုက်ခိုက်ကာ ရဲတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ပြီး လက်နက်များ ယူဆောင်သွားခဲ့သည်။ ထို့နောက် တပ်မတော်က အဆိုပါဒေသတွင် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကို လေးလကြာ ဆောင်ရွက်ခဲ့ရသည်။ ယခုအခါ ၎င်းတို့က တိုက်ခိုက်မှုများထပ်မံပြုလုပ်မည်ဟု သတင်းများပေါ်ထွက်နေခြင်းဖြစ်သည်။ |
| ၁၅။ | ၂၂. ၄. ၂၀၁၇ | ဂျာမနီနိုင်ငံတပ်မတော်စစ်ဦးစီးချုပ် General Volker Weiker ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။ မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံသို့ အသွားခရီးတွင် ဩစတြီးယားနိုင်ငံသို့ အလုပ်သဘောဖြင့်ရောက်၍ ဩစတြီးယားနိုင်ငံ တပ်မတော်စစ်ဦးစီးချုပ်နှင့် တွေ့ဆုံပြီး စက်မှုလုပ်ငန်းများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ |
| | | ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို လူမျိုးအလိုက်ဆွေးနွေးပွဲ ကျင်းပခြင်းမရှိဘဲ ဒေသအလိုက်ဆွေးနွေးပွဲသာ ကျင်းပမည့်အပေါ် ရှမ်းနိုင်ငံရေး အသိုင်းအဝိုင်းက ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဧပြီလ ၂၃ ရက်မှစတင်၍ ရှမ်းပြည်နယ် အစိုးရက ဦးဆောင်ကျင်းပမည်ဖြစ်ပြီး အပစ်ရပ်စာချုပ် NCA လက်မှတ်ထိုးထားသည့် RCSS/SSA နှင့် ရှမ်းနိုင်ငံရေးပါတီများက ဦးဆောင်ကျင်းပခွင့်ရမည့် လူမျိုးအလိုက် |

| | | |
|---|---|---|
| | | ဆွေးနွေးပွဲ ကျင်းပခြင်းကို ခွင့်မပြုသေးခြင်းဖြစ်သည်။ ယင်းသို့ လူမျိုးအလိုက် ဆွေးနွေးပွဲ ကျင်းပခြင်းမရှိဘဲ ဒေသအလိုက်ဆွေးနွေးပွဲ စတင်ကျင်းပမှုသည် နည်းလမ်းများယွင်းနေသည့် အနေအထားဖြစ်ပြီး ရှမ်းလူထု၏အသံများ ပါဝင်မှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်နေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်က ဝေဖန်ပြောကြားသည်။ |
| | | ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးအဖွဲ့ ဦးဆောင်သည့် တိုင်းရင်းသားလက်နက်ကိုင် ၇ ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သဘောထား၊ ရပ်တည်ချက်များကို ရှင်းရှင်းလင်းလင်း မသိရှိရသေး၍ အစိုးရအနေဖြင့် သဘောထားမှတ်ချက်ပေးရန် စောနေသေးကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။ ပန်ခမ်းမြို့တွင်ပြုလုပ်ခဲ့သည့် ‘ဝ’ ၊ ကိုးကန့်၊ မိုင်းလား၊ TNLA ၊ KIA ၊ SSPP နှင့် AA တို့ ပါဝင်သော ညီလာခံအပြီး ဧပြီ ၁၉ရက်က ထုတ်ပြန်ကြေငြာချက်နှင့်ပတ်သက်၍ ဦးဇော်ဌေးက ယင်းသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ |
| ၁၆။ | ၂၃. ၄. ၂၀၁၇ | ၂၁ ရာစု ပင်လုံညီလာခံ ဆက်လက်ကျင်းပရေးအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော် ထိပ်သီးခေါင်းဆောင်အချို့နှင့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့မှ ခေါင်းဆောင်များ နေပြည်တော်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များထံမှ သိရသည်။ တစ်နိုင်ငံလုံး NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM ကို ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်း အစည်းအဝေးသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အတည်ပြုသည်။ |
| | | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ဧပြီ ၂၂ ရက်နေ့မှာ စတင်လိုက်တဲ့ ဂျာမနီနိုင်ငံခရီးစဉ်ဟာ ဂျာမနီ-မြန်မာ နှစ်နိုင်ငံစစ်ဖက်ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာအောင် ဆွေးနွေးဖို့ရည်ရွယ်ပုံရတယ်လို့ ဘာလင်အခြေစိုက် ပညာရှင်တဦးက သုံးသပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်ထဲတွင် ဘာလင်မြို့၌ မြန်မာစစ်သံရုံး ပြန်လည်ဖွင့်လှစ်ခွင့် ရလာပြီးနောက် မြန်မာထိပ်ပိုင်းစစ်ခေါင်းဆောင်တဦး ယခုကဲ့သို့ ဂျာမနီနိုင်ငံကို ချစ်ကြည်ရေး ခရီးသွားရောက်တဲ့အပေါ် ဂျာမနီနိုင်ငံ ဘာလင်တက္ကသိုလ်ရဲ့ အရှေ့တောင်အာရှရေးရာ သုတေသနဌာန ကထိကဟောင်း ဦးခင်မောင်စောက သုံးသပ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ |
| ၁၇။ | ၂၄. ၄. ၂၀၁၇ | NCA စာချုပ်ကို စကားလုံးပြောင်းလဲပြင်ဆင်ရန်ပင် လုံးဝလက်ခံမည် မဟုတ်ကြောင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောကြားလိုက်သည်။ “အချက်တွေ အားလုံးကို စကားလုံးပေါ်မှာ ပြောင်းလဲဖို့၊ ပြင်ဆင်ဖို့၊ စဉ်းစားဖို့ကို လုံးဝလက်သင့်ခံလို့ မရပါဘူး။ အပြင်ဘက်ကပဲ သွားမလိုလို အတွင်းပိုင်းကပဲ သွားမလိုလို ဘယ်လိုပဲရှိနေနေ NCA စာချုပ်ပါအတိုင်းပဲ သွားရမှာပဲဖြစ်ပါတယ်။ တက်ရောက်လာတဲ့ လက်မှတ်ထိုးထားတဲ့ ခေါင်းဆောင်တွေက ဆက်လက်ပြီး အကောင်အထည်ဖော်ပေးဖို့ တိုက်တွန်းလိုပါတယ်” ဟု ဒုတပ်ချုပ်က ဆိုသည်။ |

| | | |
|---|---|---|
| | | ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်ကျင်းပသော ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၌ စာတမ်းများ တင်သွင်းရန် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ စာတမ်းပြုစုရန်အတွက် ကြိုတင်ပြင်ဆင်ချိန် မရကြောင်း သိရသည်။ "နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ငြိမ်းချမ်းရေးကော်မရှင်ကနေ တစ်ဆင့် ဒီဆွေးနွေးပွဲကိုကျင်းပဖို့ ကျွန်တော်တို့ကို ညှိနှိုင်းလာပါတယ်၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်ပြီးတော့ ကော်မရှင်တွေဖွဲ့ပါတယ်။ ရတဲ့အချိန်လေးပေါ်မှာ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပါတယ်၊ ကျနော်တို့ကို အကြောင်းကြားလာတာက ဧပြီ ၁၉ ရက်နေ့၊ ကျွန်တော်တို့ ချက်ချင်းစီစဉ်တယ်၊ အလွှာစုံအောင်တော့ အတတ်နိုင်ဆုံးစီစဉ်ပါတယ်၊ ကျန်ခဲ့တာလည်း ရှိကောင်းရှိမယ်" ဟု ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဌာန ဒေါက်တာမျိုးထွန်းက ပြောသည်။ |
| | | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။ အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာနော်ကပေါ်ထူး၊ စိုင်းလ၊ ခိုင်စိုးနိုင်အောင်၊ ခွန်ဥက္ကာ၊ ပူးဇင်ကျုံး၊ ဦးသံခဲ၊ စောမိုရှေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ |
| ၁၈။ | ၂၅. ၄. ၂၀၁၇ | ကရင်လူငယ်များအနေဖြင့် ကရင်အမျိုးသား တော်လှန်ရေးသမိုင်းနှင့် လက်ရှိနိုင်ငံရေးဖြစ်စဉ်ကို နားလည်သဘောပေါက်ပြီး ပိုမိုစိတ်ပါဝင်စားလာစေရန် ကရင်လူငယ်အစည်းအရုံး KYO မှ ဦးဆောင်ကာ ဧပြီ ၂၄ ရက်မှ မေ ၂၈ ရက်နေ့အထိ ကြာမြင့်မည့် နွေရာသီ ကရင်လူငယ်သင်တန်းတစ်ခုကို KNU ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ ၇ နယ်မြေ၊ သေဘောထစခန်းတွင် ယနေ့စတင်ဖွင့်လှစ်လိုက်သည်။ အဆိုပါ နွေရာသီ ကရင်လူငယ်သင်တန်းကို ပြည်တွင်းရှိ အနယ်နယ်အရပ်ရပ်မှ ကရင်လူငယ်များ နှင့် နယ်စပ်ဒေသရှိ ကရင်လူငယ်များ စုစုပေါင်း ၇၅ ဦးတက်ရောက်ခဲ့သည်။ |
| | | ဧပြီလ ၂၃ ရက်နေ့မှစ၍ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပလျက်ရှိသော ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တတိယနေ့တွင် စာတမ်းအနှစ်ချုပ် ဖတ်ကြားပြီးစီးရာ စာတမ်းပေါင်း ၆၃ စောင်နှင့် ဖြည့်စွက်ဆွေးနွေးအကြံပြုစာ ၄၅ စောင် လက်ခံရရှိခဲ့ကြောင်း သိရသည်။ အဆိုပါစာတမ်းများတွင် နိုင်ငံရေးနှင့် သက်ဆိုင်သော စာတမ်းပေါင်း ၂၈ စောင်၊ ဆွေးနွေးအကြံပြုစာ ၂၃ စောင်၊ စီးပွားရေးနှင့်ဆိုင်သော စာတမ်းပေါင်း ၂၇ စောင်နှင့် ဆွေးနွေးအကြံပြုစာ ၉ စောင်၊ မြေယာနှင့် သဘာဝသယံဇာတနှင့်ဆိုင်သော စာတမ်းပေါင်း အစောင် ၃၀ နှင့် ဆွေးနွေးအကြံပြုစာ ၁၃ စောင်တို့ ပါဝင်ကြောင်း သိရှိရသည်။ |

| | | |
|---|---|---|
| | | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်အတွင်းရှိ KNU နယ်မြေအတွင်း ဧပြီ ၂၂ ရက်နေ့က ဖြစ်ပွားခဲ့သည့် မြန်မာ့တပ်မတော်နှင့် KNU လက်အောက်ခံတပ်ဖွဲ့ဝင်များ အကြား ပစ်ခတ်မှုအခြေအနေများနှင့် ပတ်သက်ပြီး ဧပြီ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S အစည်း အဝေးတွင် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း KNU မြိတ်-ထားဝယ် ခရိုင်ဘက်မှ ပြောကြားသည်။ တနင်္သာရီတိုင်းဒေသကြီး JMC-S ဒုဥက္ကဋ္ဌဖြစ်သူ KNU မြိတ်-ထားဝယ် ခရိုင်ကော်မတီဝင် ပဒိုစောဘီးလယ်က "အခုကတော့ အားလုံး အေးဆေး ဖြစ်သွားပါပြီ။ စဖြစ်တာကတော့ အချင်းချင်း လူမှားတဲ့ပုံစံလို့တော့ ယုံကြည် ရပါတယ်။ ဒါတွေကို လာမယ့် ၂၈ ရက်နေ့မှာလုပ်မယ့် JMC-S အစည်းအဝေးမှာ ဘယ်လိုဖြစ်ကြလဲဆိုတာ တင်ပြပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ကေအိုင်စီ သို့ ပြောသည်။ |
| ၁၉။ | ၂၆. ၄. ၂၀၁၇ | ကချင်လက်နက်ကိုင်အဖွဲ့ KIO နှင့် ရှမ်းလက်နက်ကိုင်အဖွဲ့ SSPP တို့သည် UNFC အဖွဲ့ဝင်အဖြစ် ဆက်ရှိရန်မသေချာဟု သက်ဆိုင်ရာအဖွဲ့ ကိုယ်စားလှယ်များ၏ ပြော ကြားချက်များအရ သိရသည်။ UNFC အဖွဲ့ဝင်၊ အဖွဲ့အစည်းများ NCA လက်မှတ် ရေးထိုးနိုင်ရေး အစိုးရနှင့်ညှိနှိုင်းနေချိန်တွင် ယင်းအဖွဲ့ဝင်များဖြစ်သော KIO နှင့် SSPP တို့သည် NCA မထိုးဘဲ 'ဝ' လက်နက်ကိုင်အဖွဲ့ UWSA ၏ ဦးဆောင်မှုဖြင့် နိုင်ငံရေး ဆွေးနွေးမည့် ပန်ခမ်း(ပန်ဆန်း)အစည်းအဝေး ဆုံးဖြတ်ချက်၌ ပါဝင်ခဲ့သည်။ အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စား လှယ်အဖွဲ့ DPN တို့သည် ဧပြီ ၂၈ ရက်တွင် ချင်းမိုင်၌တွေ့ဆုံ၍ NCA လက်မှတ်ထိုး နိုင်ရေး ဆက်လက်ညှိနှိုင်းမည် ဖြစ်သည်။ |
| | | မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S ဆဋ္ဌမအကြိမ် အစည်းအဝေးကို ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။ |
| ၂၀။ | ၂၇. ၄. ၂၀၁၇ | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ အစည်း အဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာ စကားပြောကြားသည်။ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ပထမအစည်းအဝေး ကျင်းပခဲ့ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို အခြေခံ၍ အားသာချက်၊ အားနည်းချက်များ သိရှိထားပြီး ဖြစ်ကြောင်း၊ ယခုတစ်ကြိမ်တွင် ပိုမိုအဆင်ပြေ ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက် ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ အောင်မြင် ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။ |

| | | |
|---|---|---|
| | | ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဂျာမနီတပ်မတော် စစ်ဦးစီးချုပ် General Volker Wieker က ဂျာမနီနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။ ထို့နောက် စစ်ဦးစီးချုပ်ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်နှစ်ရပ်အကြား လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း သတင်းအချက်အလက်ဖလှယ်ခြင်းများကို ဆောင်ရွက်သွားလိုကြောင်း ပြောကြားသည်။ ထို့နောက် ဂျာမနီတပ်မတော်စစ်ဦးစီးချုပ် General Volker Wieker က ပြောကြားရာတွင် ယခုခရီးစဉ်မှစ၍ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မူလကထက်ပိုမို၍ ဆက်လက်တိုးမြှင့် တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ့တပ်မတော်အရာရှိများအား ဂျာမနီနိုင်ငံသို့ သင်တန်းများ စေလွှတ်တက်ရောက်ခြင်း၊ နယ်ပယ်များအလိုက် လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ရေးများကို ဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားသည်။ |
| | | မြန်မာနိုင်ငံမှာ အစိုးရအပြောင်းအလဲကို အခက်အခဲမရှိစွာ ဆောင်ရွက်နိုင်ခဲ့ပေမယ့် မွတ်ဆလင်တွေ အပါအဝင် ဘာသာရေးလူနည်းစုတွေနဲ့ တိုင်းရင်းသားလူနည်းစုတွေအပေါ် ဘာသာရေးအရ ဖိနှိပ်ချုပ်ခြယ်မှုတွေ ရှိနေဆဲဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ ဘာသာရေးလွတ်လပ်ခွင့်အတွက် အထူးစိုးရိမ်ဖွယ်ရာနိုင်ငံအဖြစ် သတ်မှတ်ကြောင်း အမေရိကန်ပြည်ထောင်စု ဘာသာရေးလွတ်လပ်မှုကော်မရှင် USCIRF က ထုတ်ပြန်တဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆ ခုနှစ်အတွင်း သမိုင်းဝင် အစိုးရအပြောင်းအလဲကို အခက်အခဲမရှိစွာ လုပ်ဆောင်နိုင်ခဲ့ပေမယ့် ဘာသာရေးဆိုင်ရာ ဖိနှိပ်မှုတွေကတော့ ရှိနေဆဲဖြစ်ကြောင်း အမေရိကန် ပြည်ထောင်စု ဘာသာရေးလွတ်လပ်မှုကော်မရှင် USCIRF က ဗုဒ္ဓဟူးနေ့မှာ ထုတ်ပြန်တဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ |
| | | ရခိုင်ပြည်နယ် မြောက်ပိုင်းနေ မွတ်စလင်များနှင့်ပတ်သက်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် တို့အကြား သံတမန်ရေးပြဿနာ ကူညီဖြေရှင်းပေးရန် တရုတ်နိုင်ငံက ကမ်းလှမ်းလာသည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိနှစ်ဦးက ပြောကြောင်း ရိုက်တာ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုများမှ လွတ်မြောက်ရန်အတွက် အောက်တိုဘာလမှစတင်ပြီး မွတ်စလင် ၆၉၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြပြီး ထိုနိုင်ငံမှ မွတ်စလင်များသည် တဖက်နိုင်ငံ၏ ပြဿနာဖြစ်သည်ဟု မြင်ကြသော အိမ်နီးချင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးကို တင်းမာစေခဲ့သည်။ |
| | | ယခုရက်ပိုင်းတွေအတွင်း ရှမ်းမြောက်ဒေသမှာ မြန်မာ့တပ်မတော်ဖက်က လှုပ်ရှားမှုတစ်ချို့ ရှိခဲ့တဲ့အပေါ် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာ အခြေစိုက်လှုပ်ရှားနေတဲ့ KIO တပ်မဟာ ၄ တပ်မှူးတစ်ဦးက ယခုလိုသုံးသပ်ခဲ့သည်။ "သူတို့ တပ်အပြောင်းအလဲ တပ်ချိန်းကြတယ်။ အခု မုံးကိုးဒေသရယ်၊ ဒီဘက်က နမ့်ခမ်း၊ နောင်မှူ၊ ကွတ်ခိုင်၊ မန်တုန်ဒေသ အခုတချို့က လဲလှယ်ပြီး ပြန်ချိန်းနေကြတယ်။" ပလောင်ကိုယ်ပိုင် |

| | | |
|---|---|---|
| | | အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာတော့ လက်ဖက်ခူးတဲ့ အချိန်ဖြစ်တာကြောင့် TNLA ဖက်က တိုက်ပွဲမဖြစ်အောင် ရှောင်ရှားနေကြောင်းလည်း ဗိုလ်မှူးတာအိုက်ကျော်က ဆိုပါတယ်။ "ကျွန်တော်တို့ဘက်က အခုအချိန်မှာ တောင်သူပေါ့ သူတို့က အခု ရွှေဖီလက်ဖက်ခေါ်တာပေါ့ ဒေသထွက်ပါပဲ။ ၁ နှစ်လုပ်မှ ဒီရာသီက အားကိုးရတာပေါ့။ အဲဒါကြောင့် ကျွန်တော်တို့တိုက်ပွဲမဖြစ်အောင် အတတ်နိုင်ဆုံးရှောင်နေပါတယ်။" ဟုဆိုသည်။ |
| ၂၁။ | ၂၈. ၄. ၂၀၁၇ | တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်အတွင်း KNU နှင့် တပ်မတော် စစ်ကြောင်းအကြား သေနတ်ပြန်ပေါက်မှု နှစ်ဘက်ညှိနှိုင်း၍ ပြေလည်မှုရရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ KNU တပ်မဟာ (၄) လက်အောက်ခံတပ်ဖွဲ့များနှင့် တပ်မတော်စစ်ကြောင်းများ အကြား ယခုလ ၂၂ ရက်နေ့က ပစ်ခတ်မှု ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်ပြီး ပြည်နယ် အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S အစည်းအဝေးခေါ်ယူ၍ ဆွေးနွေးရာတွင် ပြေလည်မှုရရှိသွားခြင်း ဖြစ်ကြောင်း သိရသည်။ |
| | | မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင် သည့်အဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ DPN အဖွဲ့မှ ခူးဦးရယ် ခေါင်းဆောင်သည့် အဖွဲ့တို့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Horizon Village & Resort တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ စတင်ခဲ့သည်။ နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်နေ့၌ UNFC အဖွဲ့မှ အဆိုပြုခဲ့သည့် အချက် ၉ ချက်ကို စတုတ္ထအကြိမ် DPN နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် PC ငြိမ်းချမ်းရေးကော်မရှင်တို့ ပြင်ဆင်ရေးဆွဲခဲ့ကြသည့် အချက်များအပေါ် ထပ်မံဆွေး နွေးသွားကြမည်ဟု သိရသည်။ |
| | | မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည် ထောင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာ စကား ပြောကြားသည်။ ယင်းနောက် ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်ပိုင် ဂြိုလ်တုစနစ်တည်ထောင်ရေး လုပ်ငန်းကော်မတီဝင်များ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပိုင် ဂြိုလ်တုစနစ် တည် ထောင်ပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ဝန်ကြီးဌာနအလိုက် သုံးစွဲနေမှုများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။ |
| ၂၂။ | ၂၉. ၄. ၂၀၁၇ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အကြိမ် (၃၀) မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ အကြိမ် (၃၀) မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး၊ အကြိမ် (၃၀) မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး၊ ASEAN Declaration on the Role of the |

| | | |
|---|---|---|
| | | Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲအခမ်းအနား၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များ ညီလာခံကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အာဆီယံခေါင်းဆောင်များ နှင့် အာဆီယံ လူငယ်ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အကြိမ် (၃၁) မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။ |
| | | ထိုင်း-မြန်မာနယ်စပ် နယ်စပ်ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များအတွက် ကရင်အမျိုးသားဘာသာရေး ခေါင်းဆောင်များမှ အချက်သုံးချက်ပါသော သဘောတူညီချက်ကို ဖားအံမြို့တွင်ပြုလုပ်သည့် ကရင်ဒုက္ခသည်များ အနာဂတ်အတွက် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ ရရှိခဲ့ကြကြောင်း သိရသည်။ နယ်စပ်ဒုက္ခသည်အရေးဆိုင်ရာများနှင့်ပတ်သက်ပြီး ကရင်ဒုက္ခသည်ကော်မတီ KRC ၊ ဘာသာပေါင်းစုံမှ ကရင်ဘာသာရေးခေါင်းဆောင်နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တို့ ပထမအကြိမ်အဖြစ် ဖားအံမြို့ရှိ အင်္ဂလီကန်သာသာနာဝင်းအတွင်း ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲမှ ယခုလို သဘောတူညီချက်များ ချမှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ |
| | | အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ DPN တို့အကြား NCA ရေးထိုးနိုင်ရေးအတွက် ၅ ကြိမ်မြောက် တွေ့ဆုံညှိနှိုင်းပြီး ဖြစ်သော်လည်း တစုံတရာအဖြေမထွက်သေးဘဲ ဆက်လက်ညှိနှိုင်းနေဆဲဖြစ်သည်ဟု သတင်းရရှိသည်။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့်အဖွဲ့သည် ဧပြီလ ၂၈ ရက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့သို့ သွားရောက်ကာ နံနက် ၉ နာရီမှ ည ၇ နာရီအထိ DPN အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ DPN အဖွဲ့ခေါင်းဆောင် ခူးဦးရယ်က “ကျွန်တော်တို့က မူအားဖြင့်ပဲ သဘောတူထားတာဆိုတော့ ပြုပြင်စရာရှိတာ ပြုပြင်တယ်။ ပြန်လာညှိရတာတွေ ရှိတယ်။ အဓိကဆုံးဖြတ်ချက်တော့ မချနိုင်သေးဘူး။ နှစ်ဖက်စလုံးက ဆက်လက်ညှိနှိုင်းဆွေးနွေးနေဆဲပါပဲ။ အမြန်ဆုံး သဘောတူနိုင်မယ့် အနေအထား ရောက်ဖို့ဆိုတာကတော့ ဆက်လက်ညှိနှိုင်းသွားရပါမယ်” ဟု ဧရာဝတီကို ပြောသည်။ |
| ၂၃။ | ၃၀. ၄. ၂၀၁၇ | ရခိုင်ပြည်နယ်ပဋိပက္ခဟာ ရှုပ်ထွေးပြီး အခက်အခဲတွေရှိပေမဲ့ ပြဿနာကို ပြေလည်အောင်ဖြေရှင်းဖို့ မြန်မာအစိုးရဘက်က သံဓိဋ္ဌာန်အခိုင်အမာချထားကြောင်း ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပတဲ့ အာဆီယံထိပ်သီးစည်းဝေးပွဲကို တက်ရောက်လာတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။ |
| | | ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ၊ Memmingen မြို့ရှိ GROB Aircraft ကုမ္ပဏီသို့ သွားရောက် လေ့လာကြသည်။ GROB Aircraft ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီ၏ CEO ဖြစ်သူ Mr. Andre Hiebeler က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ကုမ္ပဏီအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အဆင့်မြင့်နည်းပညာသုံး ဝေဟင်၊ မြေပြင်၊ ရေပြင်ထောက်လှမ်းရေး ကွန်ရက်စနစ်များ၊ လက်ရှိလေယာဉ်ထုတ်လုပ်နေမှု အခြေအနေများအား Power Point Presentation ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် GROB Aircraft ကုမ္ပဏီမှ ထုတ်လုပ်သည့် G-120 |

| | | |
|---|---|---|
| | | TP နှင့် G-520 T လေယာဉ်များ၏ သရုပ်ပြပျံသန်းမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး GROB Reconnaissance System နှင့် Flight Simulator Demonstration တို့အား လှည့်လည်ကြည့်ရှုသည်။ |
| | | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဥရောပသမဂ္ဂ (အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့သို့ တရားဝင်ခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး ၊ ဗြိတိန်သံအမတ်ကြီး၊ ဥရောပသမဂ္ဂ(အီးယူ) ဒုတိယသံအမတ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့**

**TISS - Myanmar**